## ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (Bamar People's Liberation Army–BPLA) ၏ တစ်နှစ်ပြည့် တပ်တော်နေ့အခမ်းအနားသို့ ညီနောင်မဟာမိတ် (၃) ဖွဲ့မှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၇) ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မြန်မာ့တပ်မတော်မှ မတရားသဖြင့် အာဏာသိမ်းယူလိုက်သောကြောင့် မြန်မာနိုင်ငံတဝှမ်းမှ တိုင်းရင်းသားလူမျိုးပေါင်းစုံအသီးသီးတို့သည် နွေဦးတော်လှန်ရေးကို ဆင်နွှဲပြီး အာဏာသိမ်းစစ်ကောင်စီအား ပုံစံအမျိုးမျိုးဖြင့် ခုခံတော်လှန်ဆင်နွှဲနေခဲ့ကြသည်မှာ တစ်နှစ်ကျော်ကြာမြင့်လာခဲ့ပြီဖြစ်သည်။

စစ်အာဏာရှင်စနစ်ကျဆုံးပြီး ဗမာပြည်သူလူထုတစ်ရပ်လုံးအား အဖိနှိပ်ခံဘဝမှ လွတ်မြောက်ခွင့်ရရှိရေး၊ လူမျိုးကြီးဝါဒချုပ်ငြိမ်းပြီး တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ပြည်သူလူထုတစ်ရပ်လုံး၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ရေး စသည့် နိုင်ငံရေးရည်မှန်းချက်တို့အပြင် တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တူညီသောဘုံရည်မှန်းချက်ရှိသည့် ဗမာလူမျိုးကိုယ်စားပြု တော်လှန်ရေး အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့ပြီး ထိုအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်ကောင်စီအား တော်လှန်တိုက်ခိုက်နေကြသည်မှာလည်း နွေဦးတော်လှန်ရေး စတင်ပြီးသည့် မရှေးမနှောင်းအချိန်ကာလကတည်းကပင်ဖြစ်သည်။

ထိုအထဲတွင် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့သော ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (Bamar People's Liberation Army–BPLA) သည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး လက်ရှိအချိန်တွင် ဗမာပြည်သူလူထုအချို့နှင့် တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းအချို့၏ ယုံကြည်မှုကိုရရှိထားပြီး အချိန်တိုတိုအတွင်း၌ စနစ်တကျတိုက်ပွဲဝင်နိုင်သည့်အရည်အချင်း၊ စစ်စည်းကမ်းကောင်းမွန်သော တော်လှန်ရေး လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်လာအောင် တည်ဆောက်နိုင်ခဲ့သည်များကိုတွေ့ရှိရသောကြောင့် မိမိတို့အနေဖြင့် BPLA ၏ ခေါင်းဆောင်များနှင့် တပ်ဖွဲ့ဝင်တစ်ယောက်ချင်းစီ၏ ကြိုးပမ်းအားထုတ်မှုတို့ကို တန်ဖိုးထားအသိအမှတ်ပြုပါသည်။

ဆက်လက်၍လည်း မြန်မာပြည်သူတစ်ရပ်လုံးလိုလားသော အနာဂတ်မျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ပြီး ဗမာလူမျိုးအပါအဝင် နှစ်ပေါင်းများစွာ အဖိနှိပ်ခံနေရသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် ရပ်တည်ကာ တည်ငြိမ်သောမူဝါဒများကို ရေးဆွဲချမှတ်နိုင်ရန် မျှော်လင့်ပါသည်။ တိုင်းပြည်အတွက်၊ ပြည်သူ့အတွက် တည့်မတ်မှန်ကန်သောရပ်တည်ချက်များဖြင့် အလုပ်လုပ်ပေးနိုင်သော အဖွဲ့အစည်းဖြစ်ပါစေကြောင်း နှစ်သစ်တွင် ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။ BPLA ၏ နိုင်ငံရေး၊ စစ်ရေး၊ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မိမိတို့ ညီနောင်မဟာမိတ် (၃) ဖွဲ့ အနေဖြင့်လည်း တတ်နိုင်သရွေ့ ပံ့ပိုးဝန်းရံသွားမှာ ဖြစ်ပါကြောင်း BPLA ၏ တစ်နှစ်ပြည့်တပ်တော်နေ့အခမ်းအနားသို့ ဤဂုဏ်ပြုသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ညီနောင်မဟာမိတ် (၃) ဖွဲ့

MNTJP/MNDAA
မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသော အမျိုးသားပါတီ/မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်

PSLF/TNLA
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်

ULA/AA
ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်/ ရက္ခိုင့်တပ်တော်